# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 1, 2019 Volume 25, Number 1


| ၁.၁၁.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၅/- ကျပ် |
| CBM Rate | = ၁၅၂၂.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၀. ၉ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၂.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၉.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၁.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၃၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၇၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၄၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၂၀၂၀ ပြည့်နှစ် မော်တော်ယာဉ်တင်သွင်းမှုမူဝါဒဆိုင်ရာ Model Year သတ်မှတ်ချက်ထွက်ရှိလာပြီး မော်တော်ယာဉ်တင်သွင်းမှု အစီအစဉ်အားလုံးတွင် ယခင်နှစ်ထက် ထုတ်လုပ်သည့်ခုနှစ် တစ်နှစ်စီထပ်တိုး

ဘယ်မောင်းကားများကိုသာ ဆက်လက်ခွင့်ပြုသည့် ၂၀၂၀ ပြည့်နှစ် မော်တော်ယာဉ်တင်သွင်းမှုမူဝါဒဆိုင်ရာ Model Year သတ်မှတ်ချက်ထွက်ရှိလာပြီး မော်တော်ယာဉ်တင်သွင်းမှု အစီအစဉ်အားလုံးတွင် ယခင်နှစ်ထက် ထုတ်လုပ်ခုနှစ် တစ်နှစ်စီ ထပ်တိုးခဲ့ကြောင်းသိရသည်။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီက အောက်တိုဘာ ၃၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၉)ဖြင့် ၂၀၂၀ ပြည့်နှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ်သတ်မှတ်ခြင်းကို မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ သဘောတူညီ ချက်ဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယင်းသတ်မှတ်ချက်အရ ယာဉ်အိုယာဉ်ဟောင်းအစီအစဉ် Consignment စနစ်အပါအဝင်)တွင် လူစီးမော်တော်ယာဉ်များ (၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များအပါအဝင်) ၂၀၁၇ မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)၊ ကုန်တင်ယာဉ်များ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)၊ ခရီးသည်တင်ယာဉ်များ Mini Bus, City Bus, Express Bus ၂၀၁၆ မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း) တင်သွင်းရမည်ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအစီအစဉ်တွင် လူစီးမော်တော်ယာဉ်များ (၁၃၅၀ စီစီနှင့် အောက်လူစီးယာဉ်များအပါအဝင်) ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)၊ ကုန်တင်ယာဉ်များ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)၊ ခရီးသည်တင်ယာဉ်များ Mini Bus, City Bus, Express Bus ၂၀၁၆ မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)တင်သွင်းရန် သတ်မှတ်ထားသည်။ ထို့အတူ ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားမှု (FOC စနစ်ဖြင့် ပြည်ပမှလှူဒါန်းသည့် မော်တော်ယာဉ်ပါမစ် လျှောက်ထားမှုအပါအဝင်)တွင် လူစီးမော်တော်ယာဉ်များ ၂၀၁၈ မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)၊ လုပ်ငန်းသုံးယာဉ်များ ၂၀၁၆ မှ ၂၀၂၀ ခုနှစ်အတွင်း၊ ယန္တရားများ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း၊ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ် ၂၀၁၁ မှ ၂၀၂၀ ခုနှစ်အတွင်း(ဘယ်မောင်း)၊ သာသနာရေးဆိုင်ရာယာဉ်များ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)၊ ခရီးသည်တင်ယာဉ်များ Mini Bus, City Bus, Express Bus ၂၀၁၆ မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း) တင်သွင်းရန် သတ်မှတ်ထားသည်။

အစိုးရဌာနများမှ မော်တော်ယာဉ် လျှောက်ထားမှုအနေဖြင့် လူစီးမော်တော်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

ယာဉ်များ ၂၀၁၈ မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)၊ လုပ်ငန်းသုံးယာဉ်များ ၂၀၁၆ မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)၊ ယန္တရားများ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း၊ ခရီးသည်တင်ယာဉ်များ Mini Bus, City Bus, Express Bus ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း) တင်သွင်းရန်မူဝါဒချမှတ်ထားသည်။ နိုင်ငံတော်အတွက် လှူဒါန်းသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ လျှောက်ထားရာတွင် ၂၀၀၆ ခုနှစ် မော်ဒယ်အထိသာ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုင်ငံတော်အတွက် လှူဒါန်းသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များအတွက် လက်ဝဲစတီယာရင်အပြင် လက်ယာစတီယာရင်များပါ တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

ထို့ပြင် အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် Excavator, Bulldozer, Wheel Loader, Clamp Loader, Motor Grader, Road Roller Compactor, Bridge Crane, Gantry Crane, Pilling Machine, Gantry Crane, Tower Crane, Pilling Machine, Crawler Drill/ Crane, Overhead Travelling Crane, Mobile Crane, Rough – Terrain Asphail Finisher (ကတ္တရာခင်းစက်) စသည့် လုပ်ငန်းသုံးယန္တရားများအား လွန်ခဲ့သော ၁၅ နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ်များအဖြစ် တင်သွင်းခွင့်ပြုထားသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှ ဝယ်ယူခြင်းများအတွက် ယာဉ်အို/ယာဉ်ဟောင်းအစီအစဉ် Consignment စနစ်အပါအဝင်)နှင့် လူပုဂ္ဂိုလ် တစ်ဦးချင်း အစီအစဉ်ပါ သတ်မှတ်ချက်အတိုင်း အရောင်းစင်တာ/အရောင်းပြခန်းမှ ဝယ်ယူခွင့်ပြုထားကြောင်းသိရသည်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် သတ်မှတ်ခဲ့သော ထုတ်လုပ်ခုနှစ်များအရ ၂၀၁၈ ခုနှစ်တွင် အနိမ့်ဆုံးမိုဒယ် သတ်မှတ်ချက်များ သိသိသာသာ မြင့်တက်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် တင်သွင်းမှုအများစု၌ ထုတ်လုပ်ခုနှစ် တစ်နှစ်စီသာမြင့်တက်ခဲ့ကာ ၂၀၂၀ ပြည်နှစ်တွင် တင်သွင်းမှုအားလုံး ထုတ်လုပ်ခုနှစ် တစ်နှစ်စီမြင့်တက်ခဲ့ခြင်းဖြစ်သည်။

Source: https://news-eleven.com/article/143086

## အိန္ဒိယ၏ လက်ဖက်ခြောက်ထွက်ကုန် ဈေးကွက်ပြောင်းလဲတင်ပို့လျက်ရှိခြင်း

အိန္ဒိယ၏လက်ဖက်ခြောက် အဓိကပို့ကုန်ဈေးကွက်ဒေသဖြစ်သည့် လွတ်လပ်သော ဓနသဟာယနိုင်ငံများ (CIS) သို့ လက်ဖက်ခြောက်တင်ပို့မှုမှာ ယခင်နှစ်ကာလတူ၌ ကီလို ဂရမ် ၄၁.၃၅ သန်း၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၉၉.၄၁ သန်းခန့်ရှိရာမှ ၂၀၁၉ ခုနှစ် ပထမ ၈ လ တာအတွင်း ကီလိုဂရမ် ၃၆.၆၃ သန်း၊ တန်ဖိုးဒေါ်လာ ၈၆.၃၀ သန်းခန့်သာ တင်ပို့နိုင်ခဲ့ပါသည်။ အလားတူ ပါကစ္စတန်နိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ တင်းမာမှုကြောင့် ပုံမှန်ကုန်သွယ်မှုမှာလည်း လျော့ကျလျက်ရှိရာတွင် အိန္ဒိယမှ ပါကစ္စတန်သို့ လက်ဖက်ခြောက် တင်ပို့မှုမှာ ယခင်နှစ်ကာလတူ၌ ကီလိုဂရမ် ၁၀.၃၇ သန်း၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၄.၉၇ သန်း ခန့်ရှိရာမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီမှ ဩဂုတ်လကုန်အထိ ကီလိုဂရမ် ၆.၀၉ သန်း (ဒေါ်လာ ၉.၃၄ သန်းခန့်) သာ တင်ပို့နိုင်ပြီး ၄၁% ကျော် ကျဆင်းခဲ့ပါသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံရှိ ပြည်ပတင်ပို့သူ လုပ်ငန်းရှင်များအနေဖြင့် အခြားသောဈေးကွက်ဒေသများသို့ ပြောင်းလဲတင်ပို့နိုင်ခဲ့ရာ ၂၀၁၉ ခုနှစ် ပထမ ၈ လအတွင်း လက်ဖက် ခြောက်တင်ပို့မှု စုစုပေါင်းပမာဏသည် ကီလိုဂရမ် ၁၆၂.၁၈ သန်း၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၅၂၇.၀၄ သန်းရှိပြီး ယခင်နှစ်ကာလတူထက် ကီလို ၀.၀၃ သန်းမျှ ပိုမိုခဲ့ကြောင်း အိန္ဒိယ လက်ဖက်ခြောက်ဘုတ်အဖွဲ့၏ စာရင်းများအရတွေ့ရှိရပါသည်။ အထူးသဖြင့် အီရန်နိုင်ငံသို့ အဆိုပါကာလအတွင်း လက်ဖက်ခြောက် ကီလိုဂရမ် ၄၀.၉၆ သန်း၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၆၂.၁၂ သန်းတင်ပို့ခဲ့ခြင်းက ယခင်နှစ်ကာလတူတင်ပို့မှုပမာဏ ကီလိုဂရမ် ၁၇.၉၈ သန်း နှင့်နှိုင်းယှဉ်ပါက ၁၂၇% ကျော် တိုးတက်လာခဲ့ကြောင်းတွေ့ရှိရပါသည်။

ပျမ်းမျှဈေးနှုန်းအရ နှိုင်းယှဉ်ကြည့်ပါက ၂၀၁၉ ခုနှစ် ပထမ ၈ လအတွင်း လက်ဖက်ခြောက် ၁ ကီလိုဂရမ်လျှင် အိန္ဒိယ ရူပီးငွေ ၂၂၇.၆၅ ခန့် ရရှိခဲ့ရာ ယခင်နှစ်ကာလတူ ပျမ်းမျှဈေးနှုန်းထက် ရူပီး ၂၇.၅၁ ခန့်ပိုမို တိုးတက်ရရှိပြီး ဈေးနှုန်းအရ ၁၃.၇% တိုးတက်မှုရှိကြောင်း သိရှိရပါသည်။

Source: 1. Tea exports to Pakistan decline 50% till August, 23 Oct 2019, Business Standard

2. Tea exports from India remain stagnant in first eight months of 2019, 9 Oct 2019, Business Today

3. Tea export data released by Tea Board of India

စီးပွားရေးသံမှူး- နယူးဒေလီ

## အိန္ဒိယ၌ ၂၀၁၉ ခုနှစ် ဆောင်းသီးနှံများအတွက် အခြေခံရည်ညွှန်းဈေးနှုန်းများကို တိုးမြှင့်သတ်မှတ်ခြင်း

အိန္ဒိယနိုင်ငံအစိုးရအဖွဲ့၏ စီးပွားရေးရာကော်မတီသည် ၂၀၁၉-၂၀ ဘဏ္ဍာနှစ် ဆောင်း ရာသီတွင် စိုက်ပျိုးထုတ်လုပ်မှုမှ ထွက်ရှိမည့်သီးနှံ ၆ မျိုးအား ၂၀၂၀-၂၁ ဈေးကွက်ကာလ၌ တောင်သူများထံမှ ဝယ်ယူရာတွင် အနိမ့်ဆုံးစံထားရမည့် အခြေခံရည်ညွှန်းဈေးနှုန်းများ (Minimum Support Prices-MSP) ကို မြှင့်တင်ရန် အဆိုပြုချက်အား ၂၃.၁၀.၂၀၁၉ နေ့၌ အတည်ပြုလိုက်ပါသည်။

အစိုးရအနေဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုကို တွန်းအားပေးမြှင့်တင်မှုအဖြစ် ဆောင်းသီးနှံစိုက်ပျိုးမှု စတင်ခြင်းမပြုမီ MSP ဈေးနှုန်းများအား ကြိုတင်တိုးမြှင့်ပေးရာတွင် သီးနှံ ၁၀၀ ကီလိုဂရမ်လျှင် အနိမ့်ဆုံးဝယ်ယူဈေးနှုန်းမှာ ပဲနီလေးအတွက် ရူပီး ၄၈၀၀၊ ဆောင်း သီးနှံများအနက် စိုက်ပျိုးမှုအများဆုံးဖြစ်သော ကုလားပဲအတွက် ရူပီး ၄၈၇၅၊ ဆီကြိတ်မုံညင်း စေ့အတွက် ရူပီး ၄၄၂၅၊ ဆူးပန်းစေ့အတွက် ရူပီး ၅၂၁၅၊ ဂျုံစေ့အတွက် ရူပီး ၁၉၂၅ နှင့် ဘာလီ ဂျုံစေ့အတွက် ရူပီး ၁၅၂၅ အသီးသီးသတ်မှတ်ခဲ့သည်။ ယခင်နှစ်ဆောင်းသီးနှံများအတွက် အနိမ့် ဆုံးဈေးနှုန်းသတ်မှတ်မှုနှင့် နှိုင်းယှဉ်ပါက သာမန်ဂျုံစေ့အတွက် ၄.၆၁% တိုးမြှင့်ပေးမှုက အနည်းဆုံးဖြစ်ပြီး ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ပြည့်မီစေရန်အတွက် ပြည်ပမှတင်သွင်း နေရဆဲဖြစ်သည့် ပဲနီလေးအား ပိုမိုစိုက်ပျိုးထုတ်လုပ်လာစေရန် ၎င်းဈေးနှုန်းအား ၇.၃၆% အထိ အမြင့်ဆုံး ရာခိုင် နှုန်းတိုးမြှင့်ပေးခဲ့ကြောင်း တွေ့ရှိရသည်။

အိန္ဒိယအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ ၂၃.၁၀.၂၀၁၉ နေ့ သတင်းထုတ်ပြန်ချက် တွင် ယခုတိုးမြှင့်ပေးလိုက်သည့် MSP ဈေးနှုန်းများသည် ဆောင်းသီးနှံအမျိုးအစားတိုင်း အတွက် ပျမ်းမျှထုတ်လုပ်မှုကုန်ကျစရိတ်၏ ၅၀% ကျော်ရှိကြောင်းနှင့် ဂျုံစေ့အတွက် သတ်မှတ် ပေးသည့် ဈေးနှုန်းပမာဏသည် ၁၀၉% အထိရှိကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ဂျုံစိုက်ပျိုး သည့် လယ်သမားအသင်းအဖွဲ့များကမူ အထွေထွေစရိတ်များကြီးမြှင့်မှုကြောင့် အဆိုပါနှုန်းထားမှာ လုံလောက်ခြင်းမရှိကြောင်း၊ ဂျုံသီးနှံ ၁၀၀ ကီလိုဂရမ်လျှင် အနိမ့်ဆုံးဝယ်ယူဈေးနှုန်း ရူပီးငွေ ၂၀၀၀ အထိ တိုးမြှင့်သင့်ကြောင်း တောင်းဆို ပြောကြားလျက်ရှိသည်။ အောက်တိုဘာလ ၁ ရက် နေ့ စာရင်းကောက်ယူခန့်မှန်းချက်အရ နိုင်ငံတစ်ဝန်းလုံးရှိ ဂျုံလက်ကျန်ပမာဏမှာ တန်ချိန် ၃၉.၃၁ သန်းခန့်ရှိပြီး ယင်းကာလ၌ ပုံမှန်အရန်သိုလှောင်ထားရှိရမည့် ပမာဏထက် ၉၂% နီးပါး ပိုမိုလျက်ရှိသည်။ အိန္ဒိယနိုင်ငံ၌ ဆောင်းသီးနှံများအနက် အဓိကသီးနှံဖြစ်သော ဂျုံကိုနိုဝင်ဘာလ၌ စတင်စိုက်ပျိုးပြီး ရိတ်သိမ်းသိမ်းပြီးစီးသည့် ဧပြီလတွင် ဈေးကွက်သို့ပို့ဆောင်ရောင်းချလေ့ရှိသည်။

Source: 1. "CCEA approves MSP for Rabi Crops of 2019-20 to be marked in Rabi Marketing Season 2020-21", Press release of Cabinet Committee on Economic Affairs of Government of India, 23 Oct 2019

2. Wheat MSP raised by 4.6%, but it's lower than this year's hike, 24 Oct 2019, Business Standard

စီးပွားရေးသံမှူး-နယူးဒေလီ

## လာမယ့်နှစ်တွေမှာ အာဆီယံဒေသဟာ အသားတင်ရုပ်ကြွင်းလောင်စာ တင်သွင်းသူဖြစ်လာနိုင်

အရှေ့တောင်အာရှဒေသအနေနဲ့ လာမယ့်နှစ်အနည်းငယ်အတွင်းမှာ အသားတင်ရုပ်ကြွင်းလောင်စာ တင်သွင်းသူ ဖြစ်လာနိုင်ကြောင်း နိုင်ငံတကာစွမ်းအင် အေဂျင်စီ IEA ကသတိပေးလိုက်ပါတယ်။ ယင်းအတွက်ကြောင့် အဆိုပါဒေသက အစိုးရတွေအပေါ် ဘဏ္ဍာရေးဖန်ထုပ်ဖိအားတွေ ပိုတိုးလာစေနိုင်သလို ယင်းဒေသမှာ ကာဗွန်ထုတ်လွှတ်မှု ပိုတိုးလာနိုင်တယ် ဆိုပြီး IEA က အဆိုပါ အစီရင်ခံစာတစ်ရပ်မှာ သတိပေးသွားခဲ့ပါတယ်။ အရှေ့တောင်အာရှဒေသအနေနဲ့ စွမ်းအင် လိုအပ်ချက်ပိုင်းမှာ တိုးတက်မှုပိုမိုနှေးကွေးမယ်ဆိုတဲ့ မျှော်မှန်းချက်တွေရှိနေသေည်လည်း ယခုလို IEA ရဲ့ သတိပေးချက် ထွက်ရှိလာခြင်းဖြစ်ပါတယ်။ အရှေ့တောင်အာရှဒေသအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်က အသားတင်ရေနံတင်သွင်းမှုက

တစ်နေ့ကို စည်ပေါင်း ၄ သန်းအထိရှိထားခဲ့ပါတယ်။

ဒ့ါအပြင် သဘာဝဓာတ်ငွေ့အတွက် ဝယ်လိုအားတိုးတက်မှု အားကောင်းခြင်းကလည်း ပြည်ပပို့ကုန်အတွက် ဓာတ်ငွေ့ ပိုလျှံမှုအပေါ် လျော့ကျစေခဲ့ကြောင်း ကမ္ဘာ့စွမ်းအင်ဆိုင်ရာ စောင့်ကြည့်အဖွဲ့တစ်ခုက ပြောသွားပါတယ်။ ကျောက်မီးသွေး ပိုင်းနဲ့ပတ်သက်လို့ကလည်း ဒေသရဲ့အဓိကထုတ်လုပ်သူ အင်ဒိုနီးရှားရဲ့ထုတ်လုပ်နိုင်မှုက ယမန်နှစ်က တန်ချိန်ပေါင်း သန်း ၄၀၀ အထက်မှာ ဆက်ရှိနေကြောင်း IEA က ပြောသွားပါတယ်။

Source: https://www.channelnewsasia.com/.../fossil-fuel-southeast-asi...

SFJ Strategy First Journal

## မူဆယ်မှာ ဖရဲသီးဈေး ထက်ဝက်လောက်အထိကျနေ



တရုတ်-မြန်မာနယ်စပ် မူဆယ်ဖရဲသီးဈေးကွက်မှာ မြန်မာဘက်ကနေ ဖရဲသီးတင်ပို့မှုများနေပေမယ့်လည်း ဖရဲဈေးနှုန်းတွေဟာ အရင်က တစ်တန်ကို တရုတ်ယွမ် ၄၀၀၀ ကနေ ၅၀၀၀ ထိရခဲ့ရာကနေ အခု တစ်တန်ကို ယွမ် ၂၆၀၀ လောက်ပဲ ရတော့တယ်လို့ မူဆယ်သစ်သီးဝလံအသင်းက သိရပါတယ်။ မြန်မာဘက်ကနေ ဒီရက်ပိုင်းမှာ ဖရဲကားတွေဟာ တစ်ရက်ကို အစီးရေ ၁၅၀ နဲ့ ၂၀၀ ကြားတင်ပို့နေပြီး တစ်ဖက်ကနေ လာရောက်ဝယ်ယူတဲ့ ကုန်သည်တွေအတွက် ရွေးချယ်စရာတွေများနေတာကြောင့်လည်းဖြစ်နိုင်တယ်လို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုံ သစ်သီးဝလံအသင်း ဥက္ကဋ္ဌ ဦးစိုင်းမြင့်ဖိုလ်ကပြောပါတယ်။ တရုတ်ယွမ် ၄၀၀၀ နဲ့ ၅၀၀၀ ဆိုရင် ငွေလဲလှယ်နှုန်းအရ မြန်မာငွေကျပ် ၈ သိန်း နဲ့ ၁၀ သိန်း ကြားလောက်ရနိုင်ပြီး အခု ယွမ် ၂၆၀၀ လောက်အထိ ကျသွားတာမို့ သယ်ယူပို့ဆောင်ရတဲ့ ကားခဖိုးတောင် မကျေနိုင်တော့ဘူးလို့ ဆိုကြပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၇ ရက်နောက်ပိုင်းမှာ ဈေးနှုန်းတွေက သိသိသာသာပိုကျလာသလို အသီးမလှတာတွေဆိုရင် အရောင်း အဝယ်မဖြစ်တော့တဲ့ အခြေအနေဖြစ်လာနေတာလို့ဆိုပါတယ်။

ဖရဲတစ်ကေို ရှမ်းမြောက်ဒေသအတွင်း စိုက်ပျိုးသူတွေအနေနဲ့ အလုပ်သမားခအပြီးဆိုရင် ဆယ်သိန်းကျော်လောက် ကုန်ကြတာဖြစ်ပြီး အသီးအောင်ရင် ၁၇ တန်တင်နိုင်တဲ့ ၁၂ ဘီး ကားတစ်စီးစာ လောက်ရတာဖြစ်ပြီး အသီးမအောင်ရင်တော့ နှစ်ကေလောက်မှာမှ ကားတစ်စီးသာရကြတယ်လို့ မိုင်းရယ်မြို့က ဖရဲစိုက်တောင်သူ ကိုမြင့်စိုးကပြောပါတယ်။ လက်ရှိမှာ နယ်စပ်ကိုတင်ပို့နေတဲ့ အသီးတွေဟာ အညာဒေသမှာ စိုက်ပျိုးတဲ့အသီးတွေဖြစ်ပြီး ရှမ်းမြောက်ဒေသက အသီးတွေကတော့ သိပ်မပေါ်ကသေးဘူးလို့ ဆိုပါတယ်။ ရှမ်းမြောက်ဒေသမှာတော့ တချို့တောင်သူတွေက မနှစ်က ရှုံးတာများလို့ မိုးတွင်းကာလ စိုက်တဲ့သူ နည်းတယ်လို့ပြောပါတယ်။ လက်ရှိမှာတောင် ဈေးနှုန်းဒီလောက်ကျနေရင် ရှမ်းမြောက်ဒေသက အသီးတွေပေါ် လာရင် ဖရဲဈေးပိုကျလာနိုင်တယ်လို့ ကိုမြင့်စိုးကသုံးသပ်ပါတယ်။

Source: https://web.facebook.com/.../a.10150522560.../10159201825623128/

RFA Burmese

## မိုးစပါးအစိုဝယ်ယူမှု ဈေးနည်းနေသေးသဖြင့် တောင်သူများအခက်တွေ့

ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးသည့် တောင်သူများက စပါးအခြေခံဈေးနှုန်း တင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်း ဝန်းကျင်ခန့်မှန်းထားသော်လည်း လက်ရှိပေါ်ဦးစ တောင်သူများက တင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်း ဖြင့်သာ ရောင်းချခဲ့ရသည့်အတွက် အဆင်မပြေမှုများဖြစ်ပေါ်နိုင်ကြောင်းသိရသည်။ စပါးစိုက်ပျိုးခြင်း၏ အခြေခံဖြစ်သော ထွန်ယက်စရိတ်၊ မျိုးစရိတ်၊ လုပ်သားငှားရမ်းခ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးအစရှိသည့် သွင်းအားစု ကုန်ကျစရိတ်များမြင့်တက်မှုကြောင့် လက်ရှိပေါက်ဈေးသည် တောင်သူများအတွက် အကျိုးအမြတ်နည်းပါးနိုင်မည်ဖြစ်သည်။ စပါးဈေးက တင်း ၁၀၀ ကို ငွေကျပ်ငါးသိန်းဈေးဆိုရင် တောင်သူ တွေ အဆင်ပြေနိုင်ပါတယ်။ ဒါပေမယ့် အခုပေါ်ဦးစမှာ

အရောင်းအဝယ်ဈေးကွက်က ဘာမှန်းကိုမသိသေးတာ။ အရင်တုန်းက ပေါ်ဦးစ စပါးဆို ပွဲစားတွေ လုယက်ပြီးဝယ်ကြတော့ ဈေးကောင်းရတယ်။ အခုဟာက ပြောင်းပြန်ဖြစ်သွားပြီး ဈေးဦးနှိမ်သလို ဖြစ်သွားတာပေါ့။ တောင်သူတွေက ကိုယ့်စပါးကို ကိုင်မထား နိုင်ဘူး။ အဲ့ဒီတော့ ရတဲ့ဈေးနဲ့ ရောင်းရတာပဲ။ နိုင်ငံတော်အပိုင်းက ခိုင်မာတဲ့ ဈေးကွက်ဖော်ဆောင်ပေး နိုင်ရင်တော့ တောင်သူတွေအတွက် အလားအလာ တွေကောင်းနိုင်ပါတယ်ဟု တံတားကြီးကျေးရွာနေ တောင်သူဦးထွန်းနွယ်ကပြောသည်။

မိုးစပါးပေါ်ချိန်တွင် မြို့အသီးသီးရှိ ဆန်စက်များ၊ ငွေကြေးတတ်နိုင်သူများကတစ်ဆင့် စပါးအရောင်းအဝယ် လုပ်ကိုင်သူများကို တစ်ဆင့်ခံ ပြန်လည်ဝယ်ယူခိုင်းလေ့ရှိပြီး စပါးဝယ်ယူ ရာတွင် ခရီးအကွာအဝေးပေါ်မူတည်ကာ သယ်ယူစရိတ်တွက်ချက်၍ ဈေးဖြတ်ဝယ်ယူလေ့ရှိသည်ကို တွေ့ရှိရသည်။ ပွဲစားဆိုတာကလည်း သူ့အတွက် မကျန်ရင်ဘာမှမလုပ်ဘူး။ တောင်သူတွေဆီက အကြွေးဝယ်တယ်။ ဆန်စက်မှာပြန်ကြိတ်တယ်။ ဆန်ကိုပြန်ရောင်းတယ်။ ပြီးမှတောင်သူကို ငွေပေးချေတယ်။ အမှန်ကတော့ တောင်သူကို သူ့တုတ်နဲ့သူ ပြန်ရိုက်တဲ့သဘောပဲ။ တချို့ပွဲစားတွေဆို ရှုံးလို့ဆိုပြီး တောင်သူကို ငွေမချေဘဲ ထွက် ပြေးကုန်တာလည်းရှိတယ်။ ပြောချင်တာကတော့ ဈေးမကောင်းလို့ တောင်သူတွေ နစ်နာရတဲ့အထဲက ကြားကပွဲစားတွေကလိုသလို လုပ်နေတာတွေကြောင့် ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ ဆုံးရှုံးရတာတွေလည်းရှိတယ်ဟု အင်ကြင်းကုန်းကျေးရွာနေ တောင်သူတစ်ဦးကပြောသည်။

Source: https://www.facebook.com/search/top/?q=myanmaalinn&epa=SEARCH_BOX

## မြန်မာ့ကြယ်ပဲ ပြည်ပဝယ်လိုအားနည်းနေ



ယခုနှစ်အတွင်း မြန်မာ့ကြယ်ပဲ ပြည်ပတင်ပို့မှု ပြည်ပဈေးကွက် ဝယ်လိုအားမှာနည်းနေကြောင်း မြန်မာနိုင်ငံ ကြယ်ပဲစိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရပါ တယ်။ ပြည်တွင်းမှာ ကြယ်ပဲကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်မှု မရှိသေးတဲ့အတွက် ထုတ်လုပ်မှုအားနည်းနေတာကြောင့် ပြည်ပဝယ်လိုအား နည်းနေခြင်းဖြစ်တယ်လို့ မြန်မာနိုင်ငံ ကြယ်ပဲစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်ကပြောပါတယ်။

ကြယ်ပဲက ပြည်တွင်းမှာပဲရောင်းအားရှိတယ်။ ဒီမှာတောင် တွင်တွင်ကျယ်ကျယ်အသုံးမပြုကြသေးပါဘူး။ ဒီမှာက စိုက်ကေကြတော့လည်း နည်းသေးတယ်။ ကျယ်ကျယ်ပြန့်ပြန့်ကေထောင်ချီ မစိုက်နိုင်ကြသေးဘူး။ ပြည်ပကမှာတယ်ဆိုရင်တောင် သူတို့မှာသလောက်ကိုယ်တွေက ထုတ်လုပ်မှုမပေးနိုင်သေးဘူး။ ဒီနှစ်မှာ ပြည်ပကိုတော့ သိပ်မထွက်သေးဘူး ယခုနှစ်အတွင်း ကြယ်ပဲမှာ ပြည်တွင်း၊ ပြည်ပဝယ်လိုအားနည်းနေတဲ့အတွက် ယခင်နှစ်များထက် ဈေးနှုန်းကျဆင်းနေကြောင်း အဆိုပါအသင်းမှ သိရပါတယ်။ မြန်မာ့ကြယ်ပဲကို မန္တလေးတိုင်းဒေသကြီးမှာ အများဆုံးစိုက်ပျိုးတာဖြစ်ပြီး ပြည်ပဈေးကွက်ဖြစ်တဲ့ တရုတ်နဲ့ ထိုင်းကို တင်ပို့ရောင်းချနေတာဖြစ်ကြောင်းလည်း မြန်မာနိုင်ငံ ကြယ်ပဲစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။

Source: https://greenwaymyanmar.com/posts/less_demand_of_star_bean

## အမေရိကန်ဗဟိုဘဏ်အစည်းအဝေး၌ ဘဏ်တိုးနှုန်းထပ်မံလျှော့ချခဲ့ပြီးနောက် ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်လာခဲ့

၂၀၁၉ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက် (ဗုဒ္ဓဟူးနေ့) တွင် ပြီးဆုံးခဲ့သည့် အမေရိကန်ဗဟိုဘဏ်အစည်းအဝေး၌ ဘဏ်တိုးနှုန်းကိုလက်ရှိသတ်မှတ်ထားသည့် ၂.၀% မှ ၁.၇၅% သို့ လျှော့ချ ရန်ဆုံးဖြတ်ခဲ့ကြောင်း၊ ဗဟိုဘဏ်၏ယခုဘဏ်တိုးနှုန်းလျှော့ချမှုသည် ၂၀၁၉ ခုနှစ်အတွင်း (၃) ကြိမ်မြောက် လျှော့ချခြင်းဖြစ်ကြောင်း၊ အစည်းအဝေးအပြီးတွင် အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျရိုမီပါဝဲလ်က သတင်းထောက်များကို ပြောကြားရာ၌ ဗဟိုဘဏ်အနေဖြင့် အမေရိကန်ပြည်ထောင်စု၏



Source: https://www.facebook.com/a9biz/

စီးပွားရေးနှေးကွေးမှုကို ဖြေရှင်းနိုင်ရန်အတွက် ငွေကြေးမူဝါဒကို အတတ်နိုင်ဆုံးထပ်မံ ဖြေလျှော့ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ၂၀၁၉ ခုနှစ် လက်ကျန်ကာလများတွင် ဘဏ်တိုးနှုန်းထပ်မံလျှော့ချရန် အစီအစဉ် မရှိတော့ဟု ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

အမေရိကန်ဗဟိုဘဏ်၏ ဘဏ်တိုးနှုန်းလျှော့ချမှုဂယက်ကြောင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ ၀.၃% မြင့်တက်ခဲ့ပြီး၊ တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ (၁၄၉၉.၀၆) သို့ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာတန်ဖိုးမှာမူ ၀.၂% ကျဆင်းခဲ့ပြီး အညွှန်းကိန်းအမှတ် ၉၇.၄၂၇ သို့ ရောက်ရှိခဲ့ကြောင်း www. cnbc.com အင်တာနက် website တွင်ဖော်ပြပါရှိပါသည်။

## ကြံဈေးနှုန်းတွေ နှစ်စဉ်လျှော့ကျလာ



ကြံဈေးနှုန်းတွေက နှစ်စဉ် လျှော့ကျလာတယ်လို့ သပိတ်ကျင်းမြို့နယ်က ကြံစိုက်တောင်သူအချို့ကဆိုတယ်။ ကြံဈေးနှုန်းတွေဟာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ တစ်တန်ကို ကျပ် ၄၇၅၀၀၊ ၂၀၁၇-၂၀၁၈ မှာ ကျပ် ၄၅၀၀၀၊ ၂၀၁၈-၂၀၁၉ မှာ ကျပ် ၄၁၅၀၀ ရှိခဲ့ တယ်။ ၂၀၁၉- ၂၀၂၀ ကြံရာသီမှာ တစ်တန်ကို ၃၈၅၀၀ သာရှိတယ်လို့ သိရပါတယ်။ မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ် ကြံတောင်သူ ဦးစိုးနိုင်က ၂၀၁၉-၂၀၂၀ မှာ ကြံတစ်တန်ကို ၃၈၀၀၀ ပါ။ ဒါကို ကျွန်တော်တို့ လုပ်အားခ၊ ခုတ်ခ၊ တင်ခ၊ ကားခနုတ်လိုက်မယ်ဆိုရင် တစ်တန်ကို ၁၈၀၀၀ ပဲ ကျန်ပါတော့တယ်။ လုံးဝ အဆင်မပြေတော့ပါဘူး၊ အရှုံးပြနေပါပြီလို့ ပြောပါတယ်။

ပြည်ပက သကြားတင်သွင်းမှု တွေရှိတာ၊ re- export ပြုလုပ်ထားတဲ့သကြားတွေ ပြည်တွင်းမှာပုံနေတာကြောင့် ပြည်တွင်းကြံဈေးနှုန်းတွေ လျှော့ကျလာတာလို့ဆိုပါတယ်။ ပြည်ပသကြား က ပြည်တွင်းသကြားဈေးနှုန်းထက် သက်သာတာကြောင့် သကြားအသုံးပြုလုပ်ကိုင်ရတဲ့လုပ်ငန်းတွေ ဟာ ပြည်ပက တင်သွင်းတဲ့သကြားကို အသုံးပြုလာကြတယ်လို့သိရပါတယ်။ ပြည်ပသကြားက ယှဉ်လို့မရ ဘူး၊ ကြံတောင်သူ က ၉၀၀ (တစ်ပိဿာ)ရောင်းရင် သူတို့က ၈၀၀ (တစ်ပိဿာ) ရောင်းတာ၊ နည်းစနစ်တွေက မြင့်တယ်၊ ဒီက သကြားစက်တွေက သကြားတစ်မျိုးတည်းထွက်တာ၊ သူတို့ဆီက စက်တွေကက လျှပ်စစ်၊ လောင်စာ၊ စွန့်ပစ်တာတွေက အစ အသုံးပြုလို့ရတယ်ဆိုတော့ ဈေးကယှဉ်လို့မရပါဘူးလို့ ဦးစိုးနိုင်ကပြောပါတယ်။

Source: https://www.kumudranews.com/news-35713?fbclid=IwAR0k8sxo2FS-34oKuEd7i_rrh8CEc-F3Efj_sbOil2stnw-RrepiJ_Gddoo

## ဝယ်လက်များက အချိန်ဆွဲထားသဖြင့် အိန္ဒိယဆန်ဝယ်လိုအား လျော့နည်းနေ




ကမ္ဘာ့ ဆန်တင်ပို့မှုထိပ်သီး အိန္ဒိယနိုင်ငံတွင် ဆန်ပို့ကုန်ဈေးများ လေးလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိနေသော်လည်း ဝယ်လက်များက ဆန်အဝယ် ဆိုင်းငံ့ခဲ့ကြသဖြင့် အိန္ဒိယဆန်ဝယ်လိုအားနိမ့်ကျခဲ့ပြီး ဗီယက်နမ်တွင်မူ ရောင်းလိုအားနည်းခြင်းကြောင့် ဆန်ဈေးများ နှစ်လအတွင်း အမြင့်ဆုံး၌ရပ်တည်လျက်ရှိသည်။ အိန္ဒိယ ငါးမှတ်ပေါင်းဆန်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၃၆၈-၃၇၂ဒေါ်လာ၌ ရပ်တည်ခဲ့ရာမှ ယခုအပတ်တွင် ၃၆၅- ၃၇၀ ဒေါ်လာသို့ လျော့ကျလာခဲ့သည်။ အာရှနဲ့ အာဖရိကဝယ်လက်တွေဟာ ဆန်မဝယ်သေးဘဲ စောင့်နေပါတယ်။ ဈေးထပ်ကျလာဦးမယ်လို့ တွက်ဆပြီး ဆန်ဝယ်ယူမှုကို ဆိုင်းငံ့ထားကြပါတယ်ဟု အိန္ဒိယတောင်ပိုင်း အန္ဒရပြည်နယ်၊ ကာကီနာဒါမြို့ အခြေစိုက်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ အိန္ဒိယ၏ ဘာစမာတီမဟုတ်သော အခြားဆန်များကို အာဖရိကဘက်က ဝယ်အား လျော့ကျလာခြင်းနှင့် အခြားအကြောင်းအချက်များကြောင့် ဩဂုတ်လအတွင်း အိန္ဒိယဆန်တင်ပို့မှု နှစ်အလိုက် ၂၉ ရာခိုင်နှုန်း ကျဆင်းကာ ၆၄၄၂၄၉ တန်သာရှိခဲ့သည်။ အိန္ဒိယ၏ ၂၀၁၉ ခုနှစ် မိုးစပါးထုတ်လုပ်မှုမှာ ပြီးခဲ့သည့်နှစ်ထက် ၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၁၀၀ ဒသမ ၃၅ သန်းသာရှိခဲ့သည်။

ယခုတစ်ပတ်တွင် ဗီယက်နမ်၏ ငါးမှတ်ဆန်ဈေးမှာ ယခင်တစ်ပတ်ကအတိုင်း အပြောင်းအလဲမရှိဘဲ တစ်တန်လျှင် ဒေါ်လာ ၃၅၀ ၌ ရပ်တည်ခဲ့သည်။ “ဆန်ဝယ်လိုအား နည်းနေပါတယ်။ ဒါပေမယ့် ရောင်းလိုအား နည်းခြင်းက ဆန်ဈေးကျမသွားအောင် ထိန်းထားပါတယ်“ဟု မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသပြည်နယ်An Giang အခြေစိုက် ကုန်သည်တစ်ဦးက ပြောသည်။ သို့တိုင် ဗီယက်နမ်ဆန်တင်ပို့မှုအနက် ၃၆ ရာခိုင်နှုန်းကို ဝယ်ယူနေသည့် အကြီးဆုံး ဆန်တင်ပို့ဈေးကွက် ဖိလစ်ပိုင်က ဆန်တင်သွင်းမှု လျှော့ချရန် ကြိုးပမ်းလာခြင်းသည် ဗီယက်နမ်ဆန်ဈေးကွက်ကို ထပ်မံထိခိုက်မည်ကိုစိုးရိမ်ရကြောင်း ဟိုချီမင်းစီးတီး အခြေစိုက် အခြားကုန်သည် တစ်ဦးကပြောသည်။

နှေးကွေးသည့်ဝယ်လိုအားကြောင့် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ဗီယက်နမ်ဆန်ဈေးများသည် ၁၂ နှစ်နီးပါး အတွင်း အနိမ့်ဆုံးအထိကျဆင်း၍ တစ်တန်လျှင် ၃၂၅ ဒေါ်လာသို့ ရောက်ရှိခဲ့သည်။ ကမ္ဘာ့စီးပွားရေးနှေးကွေးမှုမှာလည်း ဆန်ဝယ်လိုအားကို လျော့ကျစေသည့် အကြောင်းရင်းများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးPhung Duc Tien က ယခုတစ်ပတ်တွင် သတင်းထောက်များကို ပြောခဲ့သည်။ ဆန်ဝယ်လိုအားနည်းခြင်းနှင့် ငွေတန်ဖိုးတက်ခြင်းတို့ကြုံနေရသော ကမ္ဘာ့ဆန်တင်ပို့မှုဒုတိယထိပ်သီး ထိုင်းနိုင်ငံတွင် ငါးမှတ်ဆန်ဈေးများမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၃၉၆-၄၀၀ဒေါ်လာ၌ ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် အနည်းငယ်ပြောင်းလဲ၍ ၃၉၅-၄၀၀ ဒေါ်လာနှုန်းတွင် ရပ်တည်ခဲ့သည်။

ထိုင်းဆန်ဈေးကြီးမြင့်နေပြီး တခြားအခြေအနေ အပြောင်းအလဲသိပ်မရှိတာကြောင့် ထိုင်းဆန်ကို ဝယ်လိုအား အလွန်နည်းနေပါသေးတယ်ဟု ဘန်ကောက်အခြေစိုက်ကုန်သည်တစ်ဦးကပြောသည်။ ထိုင်းဘတ်ငွေ တန်ဖိုးတက် နေခြင်းကြောင့် ထိုင်းဆန်မှာ အခြားပြိုင်ဘက်နိုင်ငံများထက် ဈေးနှုန်းဆက်လက်ကြီးမြင့်နေဆဲဖြစ်သည်။ ထိုင်းဘတ်ငွေ ဆက်မာနေခြင်းကြောင့် ပို့ကုန်လုပ်ငန်းတွေအနေနဲ့ ဆန်ဈေးကို မလျှော့ချနိုင်ဘဲရှိနေပါတယ်။ ဈေးကွက်ကလည်း ဘတ်ငွေတန်ဖိုး ဆက်လက်အားကောင်းဦးမယ်လို့ တွက်ဆထားကြပါတယ်ဟု အခြားကုန်သည်တစ်ဦးကပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်ဈေးကျဆင်းခြင်းနှင့် သီးနှံရိတ်သိမ်းခကြီးမြင့်ခြင်းတို့ ကြုံနေရသော တောင်သူများကို ခေတ်မီလယ်ယာသုံးစက်ပစ္စည်းများ ဝယ်ယူ၍ ကုန်ထုတ်စရိတ်လျှော့ချခြင်းနှင့် အထွက်နှုန်းမြှင့်တင်ခြင်းများ ပြုလုပ်နိုင်စေရန် အစိုးရက အမတော်ကြေး တာကာငွေ ဘီလျံ ၃၀ (ကန်ဒေါ်လာ ၃၅၄ သန်း) ထောက်ပံ့ပေးသွားမည်ဟု ဘင်္ဂလားဒေ့ရှ် စိုက်ပျိုးရေးဝန်ကြီး Abdur Razzaque က ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နှစ်ပေါင်းများစွာကြာ ပိတ်ပင်လာခဲ့သော ဆန်တင်ပို့မှုကို ယခုနှစ် မေလက ပြန်လည်၍ ခွင့်ပြုခဲ့သော်လည်းဘင်္ဂလားဒေ့ရှ် ဆန်ဈေးမှာ ပို၍သက်သာသော အိန္ဒိယနှင့်

ထိုင်းဆန်တို့ကို ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် လက်ရှိအချိန်အထိ ပြည်ပဆန်စာချုပ်များကို ချုပ်ဆိုနိုင်ခြင်းမရှိသေးပေ။
Source:မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/8163215

## မိုးစပါးပေါ်ချိန် ရန်ကုန်ဆန်ကုန်သည်များ ငွေအခက်တွေ့နေ



မိုးစပါးအသစ်များ ရန်ကုန်သို့ဝင်လာချိန် ဆန်ကုန်သည်များ ငွေကြေးလည်ပတ်မှုခက်ခဲနေပြီး ဈေးလျော့ကျသည်ဟု ဘုရင့်နောင် ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးက ပြောသည်။ ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ဆန်အိတ်တစ်သိန်းခန့် အဝင်ရှိသော်လည်း ပြည်ပတင်ပို့သူများ ဝယ်အားမနိုင်သဖြင့် ဆန်ကြမ်းဈေးကျခြင်း ဖြစ်သည်။ ဘုရင့်နောင်တွင် ပြည်ပသို့တင်ပို့မည့် ၂၅ မှတ်ဆန် တစ်အိတ်လျှင်ကျပ် ၁၇၃၀၀ ခန့် ဈေးဖွင့်သည်။ နေ့စဉ် ဘုရင့်နောင်ဆန်အဝင်နှုန်းဖြင့်ဆိုလျှင် တစ်ရက်ဆန် ဝယ်ယူရမည့်ငွေပမာဏ ကျပ် သိန်း ၁၇၀၀၀ ကျော်ပြီး ဘုရင့်နောင်တွင် ပြည်ပသို့တင်ပို့ရန် ဆန်ဝယ်သည့်ကုမ္ပဏီငါးခုခန့်သာရှိကြောင်း ကုန်သည်အချို့ကပြောသည်။ ထို့ကြောင့် ဝင်လာသည့်ဆန်များကို လက်ငင်းငွေချေစနစ်မျိုးဖြင့် ဝယ်ယူနိုင်ခြင်းမရှိပေ။ ဒီမှာက အကြွေးဈေးကွက် ဖြစ်နေတယ်ဟု ဆန်ကုန်သည်များ ကြုံနေရသည့်အခြေအနေကိုပြောသည်။ ပြည်ပဆန်တင်ပို့သူများအဝယ်ရှိသော်လည်း ဧရာဝတီတိုင်းမှ ဆန်အသစ်အဝင်များသဖြင့် ဆန်ကုန်သည်များက ဝယ် လိုအားမနိုင်ခြင်းဖြစ်သည်။

လက်ရှိဘုရင့်နောင်ဈေးကွက်တွင်နယ်မှ ဆန်ကားများဝင်လာပါက ဂိုဒေါင်၌ဆန်ချပြီး အနည်းဆုံး နှစ်ပတ်ခန့် ကြာမှ ငွေရှင်းပေးနိုင်ကာ မိုးစပါးမပေါ်မီက လက်ငင်းငွေချေအရောင်းအ ဝယ်စနစ်ဖြင့် ဆောင်ရွက်သည်ဟု ဦးသန်းဦးက ရှင်းပြသည်။ ကုန်သည်တွေမှာ ငွေမလည်ဘူး။ ကျပ်နေကြတယ်ဟု မြန်မာနိုင်ငံ ဆန်စပါးကုန်သည်အသင်း ဒုတိယဥက္ကဋ္ဌဦးနေလင်းက ပြောသည်။ ဆန်သစ်ပေါ်ချိန် ကုန်သည်များ ငွေကျပ်တည်းမှုကြောင့် ငွေစိုက်ရှင်းသူပေးသည့် ဝန်ဆောင်မှုလည်းရှိနေသည်။ နယ်မှ ဆန်ကုန်သည်များ အမြန်ငွေဖော်နိုင်ရန် ဆန်တစ်အိတ်လျှင် နှစ်ကျပ်ယူပြီး ဆန်ရောင်းဖောက်ချာ အရောင်းအဝယ် ဈေးကွက် တစ်ခုလည်းပေါ်ထွက်နေသည်။ နယ်ကုန်သည်က ဆန်ရောင်းပြီး ရရှိလာသော ငွေရှင်းဖောက်ချာကို ချက်ချင်းငွေ လိုပါက ငွေစိုက်ရှင်းပြီး ဝန်ဆောင်မှုပေးသူထံ ရောင်းချရခြင်းဟု ဖျာပုံမှ ကုန်သည်တစ်ဦးက ပြောသည်။လက်ရှိတွင် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဆန်ဈေးကွက်က ဘုရင့်နောင်ဖြစ်နေပြီး အသစ်ပေါ်ထွက်လာသည့် မိုးစပါးများ ရောင်းချနိုင်မည့်နေရာ ဖြစ်နေသည်။ ယခင်က ပဲခူးအရှေ့၊ အနောက်၊ ဧရာဝတီတိုင်းရှိ ဒေသများမှ မိုးစပါးအသစ်ပေါ်လျှင် ဆန်အဖြစ် ကြိတ်ခွဲကာ တရုတ်နိုင်ငံသို့ တိုက်ရိုက်ရောင်းချမှု ရှိခဲ့သည်။ ၂၀၁၈ နှစ်ကုန်ပိုင်းတွင် တရုတ်အစိုးရက နယ်စပ်မှ ဆန် အပါအဝင် လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ တင်သွင်းမှုတင်းကျပ်စွာ တားမြစ်စစ်ဆေးလာသည်။

မြန်မာနိုင်ငံမှ တရားဝင်လိုင်စင်ဖြင့် တင်ပို့သော်လည်း တရုတ်က တရားမဝင်သာ ဝယ်ယူသည့် ဆန်အပါအဝင် လယ်ယာ ထွက်ကုန်များ နယ်စပ်ဈေးကွက်ခက်ခဲခဲ့သည်။ ယခုကဲ့သို့ မိုးစပါးအသစ်ပေါ်ချိန်တွင် ဈေးကွက်ခက်ခဲသဖြင့် စပါးဈေးလည်း တင်း ၁၀၀ လျှင် ကျပ်လေးသိန်းခန့်သာ ဈေးရှိနေသည်။ ယူနန်အစိုးရ ခွင့်ပြုချက်ဖြင့် လက်ရှိတွင် နယ်စပ်မှ တစ်ပတ်လျှင် ဆန်အိတ်တစ်သိန်းကျော်သာ တင်ပို့နိုင်သည်။ ထိုပမာဏက ပြီးခဲ့သည့်နှစ်များနှင့် နှိုင်းယှဉ်လျှင် တစ်ရက်စာသာရှိကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင်မှ အသင်းဝင်အချို့ကပြောသည်။ တရုတ်နယ်စပ်သို့ ဆန်အထွက်နည်းနေချိန်တွင် ပြည်တွင်းစားသုံးမှုမှ ပိုလျှံနေသော ဆန်များအတွက် ပြည်ပထွက်ပေါက်က ရန်ကုန်ဘုရင့်နောင်ဈေးကွက်တစ်ခုသာရှိသည်။ လက်ရှိရန်ကုန် ဆိပ်ကမ်း၌ ဆန်တင်ရန် သင်္ဘောအချို့ ဆိုက်ကပ်နေသော်လည်း ပြည်ပတင်ပို့သူများ ဝယ်နိုင်အားလျော့နည်းမှုကြောင့် ဆန်ဈေးကျဆင်းရခြင်းဖြစ်သည်ဟု ဘုရင့်နောင်ဆန်ကုန်သည်အသိုင်းအဝိုင်းကပြောသည်။

Source: https://www.7daydaily.com/

## ရန်ကုန်တိုင်းတွင် တစ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂၆ သန်းရှိ

၂၀၁၉-၂၀ ဘဏ္ဍာနှစ် ပထမတစ်လအတွင်း ရန်ကုန်တိုင်း၌ ဒေါ်လာ ၂၆ သန်းတန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၅ ခု ဝင်ရောက်ထားသည်ဟု ရန်ကုန်တိုင်းရင်းနှီးမြှုပ်နှံမှုကော်မတီက သတင်းထုတ်ပြန်သည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တစ်ခုလုံးတွင် လုပ်ငန်း ၁၆၀ ခန့် ဝင်ရောက်ထားပြီး စုစုပေါင်း ဒေါ်လာသန်း ၂၅၀ ကျော်ဖိုးရှိသည်ဟု ကော်မတီက ထုတ်ပြန်ထားသည်။ ရန်ကုန်တိုင်းမှာ ဒေါ်လာသန်းရာချီတဲ့ စီမံကိန်းတွေ ဝင်လာဖို့ ရှိနိုင်ပါသေးတယ်ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ နော်ပန်းသဉ္ဇာမျိုးကပြောသည်။ ရန်ကုန်တိုင်းအတွင်း အဓိကရင်းနှီးမြှုပ်နှံသည့် နိုင်ငံများမှ တရုတ်၊ ဂျပန်၊ စင်ကာပူ၊ ဟောင်ကောင်နှင့်တိုင်ပေတို့ဖြစ်သည်ဟုဆိုထားသည်။ အများဆုံးရင်းနှီးမြှုပ်နှံသည်□ကဏ္ဍများမှာ စက်မှု၊ ဟိုတယ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ အိမ်ရာနှင့်ဝန်ဆောင်မှုကဏ္ဍတို့တွင်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ချက်အရ တစ်နိုင်ငံလုံးတွင် ၂၀၂၀ ဘဏ္ဍာနှစ် ပထမတစ်လ၌ ဒေါ်လာသန်း ၂၉၀ ကျော် ဖိုးဝင်ရောက်ထားပြီး လုပ်ငန်း ၁၀ ခုရှိသည်ဟုဆိုသည်။ ရန်ကုန်တိုင်းသည် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုအများဆုံး ဝင်ရောက်သည့် တိုင်းဒေသကြီးဖြစ်သည်။ ရန်ကုန်တိုင်းအတွင်း ရင်းနှီးမြှုပ်နှံမှုများကို ဒေါ်လာငါးသန်း (သို့မဟုတ်) ကျပ်ခြောက်ဘီလီယံအထိ ရန်ကုန်တိုင်းအစိုးရ ခွင့်ပြုခြင်းဖြစ်သည်။ ထိုထက်ပမာဏများပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ခွင့်ပြုခြင်းဖြစ်သည်။

Source: https://www.7daydaily.com/

## Thura News Views

**Magway cattle prices drop**

Falling demand from Chinese buyers has sent Magway region cattle prices into a slump.

Cattle farmers at Magway's Myothit cattle market have reported a price drop of as much as MMK 300,000 per animal, with fewer buyers than ever, reported Mizzima magazine. Normally farmers can sell their cattle for MMK 1.3 to 1.5 million, but this year farmers are selling their animals for as little as MMK 1 mil-lion each.

Magway's cattle market is affected by the change in seasons, with foreign buy-ers most active during the summer months, the Mizzima report pointed out. During the fall and winter months, farmers trade livestock among themselves as often as they sell to foreign buyers. But current prices are low even for the season. “Cattle trading is mostly not good as the cattle prices are sluggish and Chinese buyers barely come at present. Dairy cows are traded more at present rather than draft animals,” one farmer, Kyaw Htoo from Magway's Myothit Town-ship, told Mizzima.

Despite the lack of Chinese buyers in the Magway market, Chinese demand for beef overall seems to be holding steady. Chinese imports of cattle from the United States has remained steady despite the ongoing trade war between those two countries, according to a recent report by Reuters. This development makes Magway beef an unusual case in Myanmar's agriculture industry. For other agricultural products, the trade war has led to even greater demand from China. The Myanmar Rice Federation, for example, recently signed an MOU with China to export 250,000 tonnes of rice.

Government seeks to boost mining with new foreign permits

The Myanmar government will soon issue a wave of mining permits to foreign investors as it seeks to revitalize the industry. Starting in 2020, foreign firms will be allowed to explore and mine large-sized tracts of 500,000 acres, ac-cording to the Myanmar Times. The government will also issue permits for large, medium and small-

size tracts to local companies.

Mining, especially for jade and gemstones, has been one of Myanmar's most lucrative but troubled industries. Un–der the military regime, it developed a reputation for corruption, with valuable sites passed off to crony capitalists in favor of kickbacks and favors to government officials. Even in the democratic era, the industry has been notorious for low wages, poor working conditions and employer–sanctioned drug addiction. Thus, Western investors have largely shied away. The vast majority of foreign investors in the mining industry are Asian, especially from China.

However, the Ministry of Resources and Environmental Conservation (MREC) is seeking to flip the script. In 2018, it lifted a 2016 freeze on new mining permits, and in 2020 two Australian companies will begin exploration activities. They have also offered to invest USD 3 million in social and environmental impact surveys, the Myanmar Times Re–ported.

Working with the new Western investors could be a step towards restoring the industry's image. In October, indus–try watchdog Extractive Industries Transparency Initiative praised Myanmar for "unprecedented disclosures of ex–tractives data in a country with a nascent democratic process and recent history of economic liberalization." Howev–er, the body said Myanmar remains weak in transparency surrounding license allocations, the activities of state–owned enterprises and gemstone production figures.

General Electric eyes expansion in Myanmar

US technology giant General Electric (GE) may soon expand its Myanmar presence. Wouter Van Versch, President and Chief Executive of GE Asia Pacific, told the Myanmar Times that the company is weighing further investments in power infrastructure as well as healthcare services through its subsidiary, GE Healthcare.

“Myanmar has huge potential in terms of revenue and orders for GE. Myanmar needs healthcare and a lot of electricity. There are good prospects in natural gas production and solar energy sector,” Van Versch told the Times. “In the future, GE may come to Myanmar to invest in factories to support its expansion into healthcare and electricity production from natural gas,” he added.

Any new GE projects would build on a robust existing portfolio in Myanmar. Following the lifting of US sanctions in 2012, GE supplied the state–owned Myanmar National Airlines with jet engines. The company has also sold equipment to several gas–fired power plants around the country. “The region needs much more infrastructure in aviation, energy and healthcare. In the next 20 years, we expect spending on aircraft, energy and healthcare facilities to rise two folds compared to now,” Van Versch continued.

Van Versch told the Myanmar Times that GE also plans to supply more healthcare equipment to Myanmar hospitals. Currently, the Myanmar healthcare system uses the GE Revolution ACT, a high efficiency CT scanner, and the Lullaby phototherapy system, which helps detect signs of infant mortality and prevent it.

Thai developer to build USD 270 million industrial site

Thai developer Amata Group will partner with the Ministry of Construction on a USD 270 million industrial center outside of Yangon.

The Myanmar Investment Commission approved the "Yangon Amata Smart Eco City" on October 21st. The site will cover around 800 hectares in Dagon Township, east of Yangon. It will include residential and commercial units, a hotel and resort and a vocational training center, the Myanmar Times reported. Amata Group, which

has an 80 per-cent stake in the project, will be responsible for attracting companies to move into the site.

The industrial zone is one in a series of economic agreements between Thailand and Myanmar. Representatives from both countries cut the ribbon on a second Thailand-Myanmar Friendship Bridge, which aims to boost cross- border trade. Also in October, Thailand and Myanmar agreed to speed up progress on the ambitious Dawei Special Economic Zone. For that project, Thailand will give Myanmar a MMK 220.6 billion loan for a new highway linking Dawei to Kanchanaburi, Thailand.

The Amata Group industrial site will fall within the Yangon Project Bank (YPB), a government initiative that oversees 80 high-priority development projects. These projects will be public-private partnerships totaling around USD 8 bil-lion in investment and covering around 6500 hectares of land.

Source: Thura Swiss News (Issue 389 October 31, 2019)

## STOCK EXCHANGE (1.11.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 1st Nov. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 12,000 | 11,500 | 2,698 | 31,233,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,900 | -50 | -1.27% | 3,950 | 3,950 | 3,900 | 7,256 | 28,656,800 | 38,929,150 | 151,824 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,100 | 347 | 2,824,600 | 10,400,986 | 85,288 |
| FPB | 00004 | 23,500 | +500 | +2.17% | 23,500 | 23,500 | 23,500 | 6 | 141,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,950 | 30 | 88,500 | 12,823,224 | 37,829 |

### Market summary

As of 1st Nov. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 470.91 | -11.65 | -2.41% | 472.34 | 482.24 | 470.91 | 10,337 | 62,943,900 | 5 | 644,831 |

**Index chart**



# Market Overview

As of 12:00 pm, 1st Nov. 2019

| MYANPIX | 482.24 ▼ 0.32 |
|---|---|
| Total Volume (shares) | 8,737 |
| Total Value (MMK) | 45 mil |
| Listed Company | 5 |
| Market Cap. (MMK) | 660,333 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,200 | ▼ 100 |
| FPB | 00004 | 23,500 | ▲ 500 |
| TMH | 00005 | 2,950 | ▼ 50 |

TIR